ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး အစိုးရ

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန

MINISTRY OF HUMAN RIGHTS

သတင်းလွှာ

အတွဲ ၁ • အမှတ် ၁၀ • ၄ ဧပြီ ၂၀၂၂

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး Side Event တွင် **လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း တင်ပြခဲ့သည့် တောင်းဆိုချက်များ**

၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်

၁။ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ ကြီးမားတဲ့ ရာဇဝတ်မှုတွေအတွက် တရားစီရင်ရေးယန္တရားတစ်ခု တည်ထောင်ပေးဖို့ ရှေ့ပြေးအသံရဲ့ တောင်းဆိုချက်ကို ထောက်ခံလိုပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ နိုင်ငံတကာ ဥပဒေချိုးဖောက်မှုတွေအတွက် တာဝန်ခံမှုဖော်ဆောင်ပေးဖို့ အထွေထွေညီလာခံ သို့မဟုတ် လူ့အခွင့်အရေးကောင်စီကနေတစ်ဆင့် ခုံရုံးတစ်ခုကို ဖွဲ့စည်းပေးနိုင်ဖို့ နည်းလမ်းရှာပေး သင့်ပါတယ်။

၂။ ဒုတိယအနေနဲ့ ကုလသမဂ္ဂရဲ့ ပျက်ကွက်မှုတွေ ဒီ့ထက်ပိုမများလာရအောင် အထွေထွေအတွင်းရေးမှူးချုပ်အနေနဲ့ ရိုဆန်သဲအစီရင်ခံစာကို အကောင်အထည်ဖော်မှုအခြေအနေ တိုးတက်မှုကို စုံစမ်းစစ်ဆေးနိုင်မယ့် လွတ်လပ်ပြီး ကျယ်ပြန့်တဲ့ စုံစမ်းစစ်ဆေးမှုတစ်ခုကို နိုင်ငံတကာ ကျွမ်းကျင်သူတွေရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါမယ်။ ဒီစုံစမ်းစစ်ဆေးမှုမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီး ကုလသမဂ္ဂရဲ့ တုံ့ပြန်ဆောင်ရွက်မှုတွေကို အာရုံစိုက်လေ့လာမှု ပါဝင်ရမှာဖြစ်ပြီး၊ တွေ့ရှိချက်နဲ့ အကြံပြုချက်တွေပါဝင်ပြီး အများပြည်သူကို ထုတ်ပြန်တဲ့ လွှမ်းခြုံပြည့်စုံမှုရှိတဲ့ အစီရင်ခံစာတစ်စောင်ကို လူ့အခွင့်အရေးကောင်စီကို တင်သွင်းရမှာဖြစ်ပါတယ်။

၃။ တတိယအနေနဲ့ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် HRC49 Item 4 မှာ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာ့အရေးကို ICC ကို တင်သွင်းဖို့အတွက် ထည့်သွင်း တောင်းဆိုပြီး မြန်မာစစ်အုပ်စုကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် စာရင်းသွင်းနိုင်ဖို့ လုပ်ငန်းစဉ်ကို စတင်ရပါမယ်။

၄။ စတုတ္ထအနေနဲ့ ICC ဟာ NUG က ရောမသဘောတူစာချုပ် အပိုဒ် (၁၂)၊ အပိုဒ်ခွဲ (၃) နဲ့အညီ တင်သွင်းထားတဲ့ ကြေညာချက်ကို လက်ခံရမှာဖြစ်ပါတယ်။ ဒီ့အတွက်လည်း ICC အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းတောင်းဆိုလိုပါတယ်။

၅။ ပဥ္စမအနေနဲ့ အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ အနေနဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်အရ ဂမ်ဘီယာ တရားစွဲဆိုထားတဲ့အမှုကနေ စစ်အုပ်စုကို မောင်းထုတ်ရပါမယ်။ သံအမတ်ကြီး ဦးကျော်မိုးထွန်းဟာ ကုလသမဂ္ဂမှာ မြန်မာကို ကိုယ်စားပြုခွင့်ရှိတဲ့ အမြင့်ဆုံး ကိုယ်စားလှယ်ဖြစ်တဲ့အလျောက်

စာ ၄

> သူတို့က ဝင်လာပြီး လိုချင်တာတွေယူတယ်၊ ဖျက်ဆီးသွားတယ်၊ ကျွန်မအိမ်လည်း ဖျက်ဆီးခံရတဲ့အထဲ ပါပါတယ်

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်အတွင်း စစ်ကောင်စီတပ်များနှင့် ပျူစောထီးများက ကျူးလွန်သည့် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း အသက် ၁၄ နှစ်အရွယ် တူတော်စပ်သူ သေဆုံးကာ ကိုယ်တိုင်ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် **ခင်ဦး၊ မြို့သစ်ကျေးရွာ ဒေသခံ အမျိုးသမီးတစ်ဦးအား ဆက်သွယ်မေးမြန်းခြင်း**

သူ့ကို မြန်မာရဲ့ ကိုယ်ခွဲကိုယ်စားလှယ်သစ်အနေနဲ့ အတည်ပြုပေးရမှာ ဖြစ်ပါတယ်။ NUG ဟာ တရားရုံးနဲ့ရော၊ အခြားသက်ဆိုင်သူ တွေနဲ့ပါ စိတ်စေတနာမှန်နဲ့ ထိတွေ့ဆက်ဆံသွားမှာဖြစ်ပြီး ICJ အမှုရလဒ်ဘယ်လိုပဲထွက်ထွက် ရိုဟင်ဂျာလူမျိုးတွေ အတွက် တရားမျှတမှုနဲ့ ပြန်လည်ကုစားမှုတို့ကို ဖော်ဆောင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

၆။ ဆဋ္ဌမမြောက်အနေနဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းအနေနဲ့ မြန်မာနိုင်ငံမှာ ကျူးလွန်တဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေအတွက် ကမ္ဘာနေရာတိုင်းမှာ စုံစမ်းစီရင်နိုင်ခွင့် (universal jurisdiction) ကို ကျင့်သုံးသင့်ပါတယ်။ အကြမ်းဖက်စစ်အုပ်စု အဖွဲ့ဝင်တွေဟာ နိုင်ငံခြားကို ခရီးထွက်နေဆဲဖြစ်ပါတယ်။ နိုင်ငံတကာ ရဲတပ်ဖွဲ့ (Interpol) က ဖမ်းဝရမ်းကြေညာချက်ထုတ်ပြန်မှုအပါအဝင် သူတို့ကို ဖမ်းဆီးနိုင်တဲ့ အခွင့်အလမ်းရှိနေပါတယ်။

၇။ နောက်ဆုံးအနေနဲ့ လူ့အခွင့်အရေးကောင်စီ ဖြူရှိအနေနဲ့ သံအမတ်ကြီး ဦးကျော်မိုးထွန်းနဲ့ သူ့အမည်စာရင်းတင်သွင်းတဲ့ အခြားသော ကိုယ်စားလှယ်တွေကို ကောင်စီမှာ တရားဝင်အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဒါကလည်း လူ့အခွင့်အရေးကောင်စီဟာ အထွေထွေညီလာခံရဲ့ အောက်မှာရှိနေတဲ့ အဖွဲ့အစည်းဖြစ်တဲ့အလျောက် အထွေထွေညီလာခံမှာ ဦးကျော်မိုးထွန်း ကိုယ်စားပြုနေနိုင်မှုနဲ့ ရှေ့နောက်လျော်ညီစေမှာဖြစ်ပါတယ်။

မြန်မာပြည်သူတွေဟာ လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး ကိုယ်စားပြုခံရခွင့်မရတာ သုံးကြိမ်ဆက်တိုက် ရှိပြီ ဖြစ်လို့ ပြည်သူတွေရဲ့ ထုတ်ဖော်ပြောဆိုနိုင်ခွင့် အသံဟာ ပျောက်ဆုံးနေရပါတယ်။ ကျွန်တော်တို့ လျစ်လျူရှု ခံမှာ မဟုတ်သလို၊ နှုတ်ဆက်နေကြမှာ မဟုတ်ပါဘူး။

---

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၄၉ ကြိမ်မြောက် အစည်းအဝေး

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများဆိုင်ရာ ဆုံးဖြတ်ချက်နှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက် (ကောက်နုတ်ချက်)

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်

"မြန်မာနိုင်ငံမှ ဆုံးဖြတ်ချက်တွင်ပါဝင်သော အောက်ပါအချက်များအားလည်း ကြိုဆိုလိုက်ပါသည်။

- ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရလဒ်အဖြစ် ပြသခဲ့သည့် ပြည်သူလူထု၏ ဒီမိုကရေစီဆန္ဒအား လေးစားလိုက်နာတောင်းဆိုချက်နှင့် မြန်မာပြည်သူလူထု၏ ဒီမိုကရေစီနှင့် အရပ်သားအစိုးရအပေါ် စိတ်အားထက်သန်ခြင်းများနှင့် အတူတကွ အပြည့်အဝရပ်တည်ကြောင်းပြောကြားခြင်း။
- မတရားဖမ်းဆီးခံထားရသူများအားလုံးကို လွှတ်ပေးရန်၊ အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများအား ကျူးလွန်ခဲ့သူများအားလုံးကို အရေးယူရန်၊ တရားမျှတမှုအား ဆောင်ကျဉ်းပေးရန်၊ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအား ကျေလည်အောင်ပေးဆပ်ရန်တို့ကို တောင်းဆိုခြင်း။
- မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အား သက်တမ်းတိုးမြှင့်လိုက်ခြင်း။"

"မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထု၏ ဒီမိုကရေစီဆန္ဒများကို ထောက်ခံဖော်ပြသော ကောင်စီနှင့်အတူ တသားတည်းဖြစ်သည့်အညီ ကောင်စီ၏ဆုံးဖြတ်ချက်များ၏ တောင်းဆိုချက်အများစုသည် မြန်မာ ပြည်သူတို့၏တရားဝင်ကိုယ်စားလှယ်ဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရထံသို့ ဦးတည်ထားသည်ဟု အဓိပ္ပါယ်မှတ်ယူပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ အနေဖြင့် အောက်ပါတို့ကို ဆောက်ရွက်သွားပါမည်။

- အတိတ်ကာလတွင် အသုံးပြုခဲ့သော အခြေခံလွတ်လပ်ခွင့်များအား ကန့်သတ်ထိန်းချုပ်ရန် နှင့် မတူကွဲပြားမှုများအား ပစ်မှတ်ထားသည့် ဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်သွားမည်။ ထိုသို့ပြင်ဆင်ရေးဆွဲရုပ်သိမ်းခြင်းများတွင် ရာဇသတ်ကြီးပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အပါအဝင် မတရား

အသင်းအက်ဥပဒေ၊ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေနှင့် ဆက်သွယ်ရေးဥပဒေများကို နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပြုပြင်ရေးဆွဲသွားမည်ဖြစ်သည်။

- ဥပဒပြုရေးနှင့် မူဘောင်အဆင့်များအားလုံးတွင် ရိုဟင်ဂျာအပါအဝင် တိုင်းရင်းသားလူနည်းစုများအတွက် တန်းတူဆက်ဆံမှုနှင့် အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရန် ထည့်သွင်းအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာလွတ်လပ်ခွင့်အတွက် ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အမျိုးဘာသာ သာသနာကာကွယ်ရေးဥပဒေကို ရုပ်သိမ်းသွားမည်ဖြစ်သည်။
- စစ်တပ်၏ ရက်စက်ယုတ်မာမှုများနှင့် အတင်းအဓမ္မဖိအားပေးစေခိုင်းမှုများကြောင့် ရခိုင်ပြည်နယ်မှ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ရိုဟင်ဂျာများအတွက် မိမိဆန္ဒအလျှောက် ဘေးကင်းလုံခြုံစွာနှင့် နေရပ်မြန်မာနိုင်ငံသို့ ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအဆင့်များအားလုံးကို ဆက်လက်အကောင်အထည်ဖော်သွားမည်။ ထို့အပြင် မြန်မာနိုင်ငံတွင် မွေးဖွားသည့်သူသည် မြန်မာနိုင်ငံသားဖြစ်ခွင့် သို့မဟုတ် မြန်မာနိုင်ငံသား မိဘများမှ မည်သည့် နေရာတွင်မဆို မွေးဖွားသူများအတွက် နိုင်ငံသားဖြစ်ခွင့်များကို အခြေခံသည့် ဥပဒေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအား အစားထိုးပြင်ဆင်သွားမည်ဖြစ်သည်။
- လက်နက်ကိုင်ပဋိပက္ခ စစ်ပွဲများအတွက် ကလေးသူငယ်များအား တပ်သားသစ်အဖြစ် ခန့်ထားခြင်းနှင့် အတင်းအဓမ္မအလုပ်ကြမ်းလုပ်ကိုင်စေခြင်းများကို တားဆီးရန်နှင့် ပပျောက်စေခြင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆက်လက်လုပ်ဆောင်သွားမည်။
- နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ ရောမသဘောတူညီမှုစာချုပ်ပါ ကြေညာချက် ပုဒ်မ ၁၂ (၃)ကို သဘောတူလက်ခံသွားပါမည်။
- မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်တကွ အခြားအထူးအခွင့်အာဏာပေးအပ်ခြင်းခံထားသူများနှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားပါမည်။
- လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံအတွင်း ကိုယ်စားပြုမှုတစ်ခုထားရှိရန် လုပ်ဆောင်နေမှုကို ထောက်ခံသွားမည်။
- IIMM နှင့်တကွ နိုင်ငံတကာနှင့် ဒေသတွင်းတရားရုံးများ၊ ခုံရုံးများ၊ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အတူဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါမည်။
- အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဆက်လက်ထိတွေ့ဆက်ဆံသွားပြီး ၎င်း၏လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်နိုင်စေရန် ပံ့ပိုးပေးသွားမည်။"

## ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

**မတ် ၁၆** လူ့အခွင့်အရေးကောင်စီသို့ နိုင်ငံတကာက အရေးယူရန် လိုအပ်သည့် စစ်ကောင်စီ၏ ဆိုးရွားသော ရာဇဝတ်မှုများဆိုင်ရာ အစီရင်ခံစာ တင်သွင်းခြင်းနှင့် သတင်းစာရှင်းလင်းပွဲ

**မတ် ၂၁** ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဆိုင်ရာ အစီရင်ခံစာနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်

**မတ် ၂၁** ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဆိုင်ရာ အစီရင်ခံစာနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်

**မတ် ၂၂** ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး Side Event တွင် လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်ဆွေးနွေးခြင်း

**ဧပြီ ၂** မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများဆိုင်ရာ ဆုံးဖြတ်ချက်နှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်


# မြန်မာ့အရေး NUG ဦးဆောင်သည့် မြန်မာ-ဩစတြေးလျ စည်းဝေးပွဲ ပြုလုပ်

မြန်မာ့ဒီမိုကရေစီရေးနှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေး အစိုးရ – NUG နှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းကော်မတီ၏ နိုင်ငံခြားရေးရာ ဆပ်ကော်မတီတို့က မတ်လ ၂၄ ရက်က စည်းဝေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ဩစတြေးလျဘက်မှ ဆပ်ကော်မတီဥက္ကဋ္ဌ Mr Dave Sharma MP ၊ ဒုတိယ ဥက္ကဋ္ဌ Mr Julian Hill MP နှင့်အတူ Senator Tony Sheldon ၊ Mr Peter Khalil MP နှင့် အခြား ကော်မတီဝင် လွှတ်တော်အမတ်များ တက်ရောက်ခဲ့ကြကာ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်၊ လူသားချင်းစာနာထောက် ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းမြတ် အေး၊ လူ့အခွင့် အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင် မျိုးမင်းနှင့် ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာကိုယ်စားလှယ် ဒေါက်တာထွန်းအောင်ရွှေတို့ တက်ရောက်ခဲ့သည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံက စစ်ကောင်စီ လက်အောက်မှ ထွက်၍ ပြည်သူ့ဘက် ရပ်တည်လာသည့် တပ်မတော်သားများ အား နိုင်ငံရေးအရ ခိုလှုံခွင့်ပေးရန် လုပ်ဆောင်ထားသည့် နိုင်ငံ တစ်ခုဖြစ်ကာ အစည်းအဝေး၌ မြန်မာအရေးဆိုင်ရာ ကိစ္စရပ်များ ကိုသာ အဓိကထား ဆွေးနွေးတိုင်ပင် ညှိနှိုင်းခဲ့ကြသည်။





# စစ်ကိုင်းတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **ယင်းမာပင်မြို့နယ်၊ သပြေအေးရွာတွင်** စစ်တပ်က ပစ်သတ်ခဲ့ကာ သက်မဲ့ရုပ်အလောင်းကို ခမရ-၃၆၈ မှ တပ်သား ဝင်းသူရ၊ မောင်တူးနှင့် ကျော်ဇင်လတ်တို့ သုံးဦးက အမွှေပြုကျင့်ခဲ့ကာ နေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းများကို မီးရှို့ခြင်း၊ ပြည်သူပိုင် အဖိုးတန် ရွှေ ငွေ ပစ္စည်းများ လုယက်ခဲ့ကြောင်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF များထံ ဖမ်းဆီးခံခဲ့ရသည့် စစ်ကောင်စီတပ်မှ စစ်ပြေးတစ်ဦးက ၎င်းတို့ လုပ်ဆောင်ခဲ့သည့် စစ်ရာဇဝတ်မှုများအား ဝန်ခံပြောဆိုထားသည်။ အဆိုပါ ခမရ-၃၆၈ တပ်မှ တပ်သားများမှာ လစာနှင့် ရိက္ခာမရသည့်အတွက် စစ်ဘေးရှောင် ပြည်သူများအား ပစ်မှတ်ထား၍ လက်နက်ကြီးဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ဘာသာရေးအဆောက်အအုံများနှင့် ပြည်သူပိုင်အိမ်များ မီးရှို့၍ နေအိမ်များကာ ဖောက်ထွင်းကာ ရွှေ ငွေပစ္စည်းများအား လုယက်နေကြခြင်းဖြစ်သည်။

■ **ကလေးအကျဉ်းထောင်တွင်** နိုင်ငံရေးလှုပ်ရှားမှုများကြောင့် မတရားဖမ်းဆီးခံထားရသည့် အကျဉ်းသားတစ်ဦးနှင့် အချုပ်သားခြောက်ဦးမှာ လွတ်မြောက်ကြိုးပမ်းသည်ဟု စွပ်စွဲချက်ဖြင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်သတ်ဖြတ်ခြင်း ခံလိုက်ရသည်။ စစ်အုပ်စု က တစ်ဖက်သပ်ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်၌ အချုပ်သားများဖြစ်သည့် ဇန်ဒီန်း ခေါင်းဆောင်ကာ ဝင်းကိုနိုင်၊ မောင်ညီ၊ ချမ်းမင်းကို၊ တူးခိုင်၊ ညွန့်ဝင်းအောင် (ခ) မျိုးဝင်းအောင်နှင့် အကျဉ်းသား မျိုးမင်းထွန်း အပါအဝင် အင်အား ၅၀ ခန့်က ထောင်အာဏာပိုင်အချို့အား ဓားစာခံလုပ်ကာ ထွက်ပြေးရန် ကြိုးစားသည်ဟု ဖော်ပြထားသော်လည်း ထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများအပေါ် ခွဲခြားဖိနှိပ် ဆက်ဆံမှုကြောင့် အဆင်မပြေဖြစ်ရာမှ ပြဿနာဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ပစ်ခတ်မှုဖြစ်စဉ်အတွင်း အနည်းဆုံး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ ၃၀ နီးပါးရှိပြီး ပစ်ခတ်သတ်ဖြတ်ခံရသူ ခုနစ်ဦးမှာ စစ်ကောင်စီအား တော်လှန်နေစဉ်အတွင်း ဖမ်းဆီးခံခဲ့ရသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDFများဖြစ်ပြီး စစ်ကောင်စီထုတ်ပြန် ချက်မှာလည်း လိမ်လည်၍ တစ်ဖက်သပ်ထုတ်ထားခြင်းသာ ဖြစ်ကြောင်း PDF များဘက်က တုံ့ပြန်ထားသည်။ စစ် ကောင်စီထုတ်ပြန်ချက်တွင် အထိကရုဏ်းအားနှိမ်နင်းရန်အတွက် ခွှာကိုယ်အောက်ပိုင်းကိုသာ ပစ်ခတ်ခဲ့သည်ဟု ဖော်ပြထားသော်လည်း ထွက်ပေါ်လာသည့် ဓာတ်ပုံများအရ ပစ်ခတ်သတ်ဖြတ်ခံရသူအချို့မှာ ဦးခေါင်းကျည်ထိ ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

■ **ကန့်ဘလူမြို့နယ်၊ မကျည်းကုန်းရွာသား** ကိုဖြိုးဟိန်းအား မတ်လ ၇ ရက်နှင့် ကိုမောင်ညွန့်အား ဇန်နဝါရီလ ၁၆ တို့တွင် စစ်တပ်က လက်နက်တပ်ဆင်ပေးထားသည့် ပျူစောထီးအဖွဲ့များက ဇန်နဝါရီလ ၁၆ ရက်တွင် ခေါင်းဖြတ် မီးရှို့သတ်ဖြတ်ခဲ့သည်။ အဆိုပါပျူစောထီးအဖွဲ့ကို မကျည်းကုန်းရွာသား ဖိုးတိုးဆိုသူ ဦးဆောင်ကာ စံပေါ၊ သီဟ၊ ဇော်လွင်၊ စန်းဝင်းကြီး၊ ရန်အောင်ဝင်း၊ တင်ဌေးတို့ ပါဝင်ပြီး အဆိုပါရွာမှ ကိုဖုန်းကြွယ်နှင့် ကိုထွန်းနိုင်ဝင်းတို့ကိုလည်း မတ်လ ၂၂ ရက်က ထပ်မံဖမ်းဆီးနှိပ်စက်ခဲ့သေးကာ ၎င်းတို့ အိပ်ပျော်နေချိန်တွင် ဒဏ်ရာများဖြင့် ထွက်ပြေးနိုင်ခဲ့သည့်အတွက် သတ်ခံရမည့်ဘေးမှ လွတ်မြောက်ခဲ့သည်။

■ **ချောင်းဦးမြို့နယ်၊ ကင်းမွန်တော်ကျေးရွာသားများဖြစ်သည့်** ဦးသန်းနိုင်နှင့် ဦးစိန်ချို့တို့ နှစ်ဦးအား စစ်တပ်ကျောထောက်နောက်ခံပေးထားသည့် ကြံ့ခိုင်ရေးပါတီဝင်များနှင့် ပျူစောထီးအဖွဲ့များက သတ်ဖြတ်ခဲ့သည့်အပြင် ပြည်သူ ပိုင်နေအိမ်များကို ဖောက်ထွင်းဝင်ရောက်၍ အဖိုးတန်ပစ္စည်းများအား လုယက်နေသည့်အပြင် စစ်ရှောင်ပြည်သူများ စိုက်ပျိုးထားသည့် ယာခင်းများအတွင်းမှ သီးနှံများကိုလည်း ရိက္ခာအတွက် အတင်းအဓမ္မ ဝင်ရောက်ရိတ်သိမ်း ခိုးယူမှုများ ဆက်တိုက်ပြုလုပ်လျက် ရှိသည်။

■ **ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးထန်းဝင်ကျေးရွာအား** မတ်လ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခန့်တွင် ဘန့်ဘွေးရွာမကျေးရွာ၌ လွန်ခဲ့သည့် ရက်ပေါင်း ၂၀ ကျော်ကတည်းက တပ်စွဲထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်များက ရွာ အား စီးနင်းဝင်ရောက် မီးရှို့ခဲ့ရာ ရွာလုံးကျွတ်နီးပါး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ယင်းသို့ စီးနင်းမှု မပြုလုပ်ခင် မတ်လ ၁၅ ရက်ကလည်း အမည်အတည်မပြုနိုင်သေးသည့် ဘွန့်ဘွေးထန်းဇင်ရွာနှင့် လက်ပန်ရွာမှ အမျိုးသားတစ်ဦးစီ၊ ကွေ့ချောင်းကျေးရွာမှ အမျိုးသမီးတစ်ဦးတို့ကို စစ်တပ်က ပစ်ခတ်သတ်ဖြတ်ခဲ့သေးပြီး ရွာစီးနင်းမီးရှို့ဖျက်ဆီး ခံရမှုကြောင့် ပြည်သူပိုင် နွားလေးကောင်၊ မြင်းတစ်ကောင်၊ ဝက် ငါးကောင်၊ နွားစာစဉ်းစက် တစ်လုံး၊ ဆိုက်ကွဲ တစ်စီးနှင့် ဒိုင်နမိုတွဲထားသည့် မီးစက်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

■ **ခင်ဦးမြို့နယ် ကုလားလှူးနှင့် ရှားလွင်ကျေးရွာတို့အား** အကြမ်းဖက်စစ်တပ်က လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ရွာအား မီးတိုက်ခဲ့သည့်အတွက် ပြည်သူပိုင်နေအိမ်အများအပြား ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကာ ယင်း ဒေသတွင် အင်တာနက်နှင့် ဖုန်းလိုင်းများကို စစ်ကောင်စီက ဖြတ်တောက်ထားသည့်အတွက် ထိခိုက်၊ ပျက်စီးဆုံးရှုံးမှု အခြေအနေကို တိကျစွာ မသိနိုင်သေးပေ။

■ **ဝက်လက်မြို့နယ် အရှေ့ခြမ်းရှိ တောင်ကုန်းကျေးရွာအား** မတ်လ ၁၇ ရက် ညပိုင်းက တပ်မ-၃၃ ပါဝင်သည့် စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သက်ကြီးရွယ်အိုတစ်ဦး မီးလောင်သေဆုံးခဲ့ကာ ပြည်သူပိုင်နေအိမ် ၁၅၀ခန့် မီးလောင်ဆုံးရှုံးခဲ့ကာ လုပ်ငန်းသုံးဖြစ်သည့် ကျွဲ၊ နွား အပါအဝင် ဝက်ကောင်ရေ များစွာ လည်း မီးလောင်သေဆုံးသွားခဲ့သည်။ မီးရှို့ဖျက်ဆီးခံရပြီးနောက် ရွာတွင်း ပြန်ဝင်လာသည့် ကျေးရွာသားများက ပျက်စီးဆုံးရှုံးမှုများ ပြန်လည်စစ်ဆေးခဲ့ရာတွင် ရွာတွင်း ကျန်ရစ်ခဲ့သည့် စစ်ကောင်စီ အသုံးအဆောင်များနှင့် အဝတ်အစားအချို့အား တွေ့ရှိခဲ့ရာ ယင်းအဝတ်အစားပခုံးတံဆိပ်များတွင် တပ်မ-၃၃ ဟု ရေးထိုးထားသည်။

■ **ဒီပဲယင်းမြို့နယ်၊ မရကန်ကျေးရွာအား** မတ်လ ၁၈ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းခံခဲ့ရာ အသက် ၈၀ အရွယ် အဖိုးအိုတစ်ဦးကို မီးရှို့သတ်ဖြတ်သည့်အပြင် ကျေးရွာတွင်းရှိ ပြည်သူပိုင်နေအိမ် များကိုလည်း မီးလောင်တိုက်သွင်း ဖျက်ဆီးခဲ့သည်။ သေဆုံးခဲ့သည့် အဖိုးအိုမှာ စစ်ကောင်စီတပ်များက ရွာအား စီးနင်းမီးရှို့နေစဉ် မပြေးနိုင်ဘဲ ကျန်နေခဲ့သည့်ကို စစ်ကောင်စီတပ်များ တွေ့ရှိသွားပြီး သတ်ဖြတ်မီးရှို့ အလောင်း ဖျောက်ပစ်ခဲ့ခြင်း ဖြစ်သည်။

■ **ပုလဲမြို့နယ်၊ ကိုင်းတွင်းကျေးရွာအား** မတ်လ ၁၈ ရက် နံနက် ၁၁ နာရီခန့်က အင်မထိကျေးရွာမှ ဒေသခံပျူစောထီးများနှင့် စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည့်အတွက် ကိုင်းတွင်းရွာခံများ အလုံးအရင်းဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

■ **ခင်ဦးမြို့နယ်၊ ရွှေဘို ြမြစ်ကြီးနားလမ်းပိုင်းရှိ တမုတ်ကျေးရွာအား** မတ်လ ၁၅ ရက်တွင် တမုတ်ကျေးရွာနှင့် မကျီးတုံကျေးရွာများမှ ပျူစောထီးများက ခင်ဦးမြို့ရှိ စစ်ကောင်စီတပ်ဖွဲ့များအား ကား ငါးစီးဖြင့် ခေါ်ဆောင်လာပြီးနောက် ရွာအား လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ ဝင်ရောက်စီးနင်းခဲ့ပြီး ကျေးရွာပျူစောထီးနေအိမ် ငါးလုံးမှ လွဲ၍ ကျန် ပြည်သူပိုင်နေအိမ် ၉၃ လုံးအား မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုပြင် ကျေးရွာပြည်သူပိုင် ကားတစ်စီး၊ ဆိုင်ကယ် ခုနစ် ီး၊ ရေတင်စက် ရှစ်လုံး၊ ဓာတ်ဆီသုံးအင်ဂျင် သုံးလုံး၊ နွားသုံးကောင်၊ ဆိတ်ငါးကောင်နှင့် ဝက် တစ်ကောင်တို့ကို သတ်ဖြတ်မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် အဖိုးတန်ပစ္စည်းများနှင့် အစားအသောက်များကိုလည်း ကျေးရွာနေပြည်သူပိုင် ၁၂ ဘီးကားဖြင့် လုယက်ယူဆောင်သွားသည်။

■ **ရွှေဘိုမြို့နယ် ဘိုတဲကုန်းရွာမှ** အသက် ၂၁ နှစ်အရွယ် ကိုရဲမင်းဇော်အား စစ်တပ်က ဖမ်းဆီးပြီးနောက် ၁၂ ရက်အကြာတွင် လွှစာပုံတစ်ခုအောက်၌ ဖုံးအုပ်ထားသည့် ၎င်း၏ အလောင်းအား ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိခဲ့သည်။

■ **ကလေးမြို့တောင်ပိုင်းရှိ နတ်မြောင်း၊ နတ်ချောင်းနှင့် အောင်ချမ်းသာရွာတို့အား** အကြမ်းဖက်စစ်ကောင်စီတပ်များက မတ်လ ၁၇ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ကာ နတ်မြောင်းရွာမှ အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးကို အ ကြောင်းမဲ့ သတ်ဖြတ်သွားခဲ့သည့်အပြင် အဆိုပါရွာများမှာ ဒေသခံပြည်သူပိုင် နေအိမ် အလုံး ၇၀ ကိုလည်း မီးလောင် တိုက်သွင်းဖျက်ဆီးခဲ့သည်။ အဆိုပါ အကြမ်းဖက်စစ်တပ်မှာ အောင်ချမ်းသာကျေးရွာသို့ စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ဝင်ရောက်ခဲ့ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးသည့်အပြင် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စစ်ဘေးရှောင်နေ သည့် ပြည်သူ ၂၀ ဦးကို ဖမ်းဆီး၍ လူသားတံတိုင်းပြုလုပ်ကာ ခွေကြိမ်ရွာသို့ သွားရောက်ခဲ့ရာ ရွာအရောက်တွင် ၁၉ ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်းဦးမြင့်ဦးဆိုသူကို ပြန်မလွှတ်ပေးဘဲ ဆက်လက်ဖမ်းဆီးထားသည်။ ရွာသုံးရွာ ဖျက်ဆီးပြီးနောက် ခွေကြိမ်ရွာတွင် ရောက်နေသည့် အဆိုပါအကြမ်းဖက်စစ်တပ် စစ်ကြောင်းမှာ ယင်းရွာ၌ တစ်ညအိပ်ပြီးနောက် မတ်လ ၁၈ ရက်တွင် သဲဖြူချောင်း အနောက်တောင်ဘက်ရှိ ဇားသွယ်ဂူရွာနှင့် ပန်းမှန်ချောင်းကျေးရွာတို့သို့ စစ်ကြောင်းခွဲ၍ ဝင်ရောက်သွားသည်။

■ **ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌** မတ်လ ၅ ရက်မှ ၁၃ ရက်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်း တိုက်ခိုက်မှုများကြောင့်ပြည်သူပိုင်နေအိမ် ၁၀၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ အပြစ်မဲ့ပြည်သူသုံး ဦး သေဆုံးခဲ့သည်။ သေဆုံးသူ သုံးဦးမှာ လူသားဒိုင်းအဖြစ် အသုံးပြုရန် ဖမ်းဆီးခံခဲ့ရသူများဖြစ်ကာ ကိုသန်းဌေး (၃၀ နှစ်)၊ ကိုမျိုးကျော် (၃၄ နှစ်) နှင့် ဦးကျို (၅၆ နှစ်) တို့ ဖြစ်သည်။ စစ်ကောင်စီတပ်များက အင်အား ၂၀၀ ခန့်ဖြင့် ဒါန်းကုန်း၊ မှန်တော၊ ကျွန်းလယ်၊ သက်ပေးကျေးရွာတို့အား ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ကာ ဒါန်းကုန်းမှ နေအိမ် ၄၃ လုံး၊ မှန်တောမှ ၃၈ လုံး၊ ကျွန်းလယ်၌ CDM ဝန်ထမ်းနေအိမ်အပါအဝင် နှစ်လုံးနှင့် ယာစောင့်တဲ ငါးလုံး၊ သက်ပေးမှ နေအိမ် ၁၃ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီတပ်များက အင်အားသုံး ဝင်ရောက်စီးနင်းမှုများကြောင့် မြို့နယ်တွင်းရှိ ကျေးရွာပေါင် ၂၀ ခန့်မှ ထောင်နှင့်ချီသော ဒေသခံပြည်သူများမှာ စစ်ဘေးရှောင်နေကြရသည်။

■ **အရာတော်မြို့နယ်၊ ညောင်ပင်ကန်ရွာသား** ကိုသိန်းထန်းအား မကျီးကန်ရွာတွင် တပ်စွဲထားသည့် စခတ-၁၀ တပ်ရင်းမှ စစ်သားများက ညောင်ပင်ကန်ရွာသို့ မတ်လ ဒုတိယပတ်အတွင်းက လာရောက်၍ ဖမ်းဆီးသွားပြီးနောက တပ်တွင်းစစ်ကြောရေး၌ သတ်ဖြတ်ခံခဲ့ရသည်။ ကိုသိန်းထွန်းနှင့် ညီဖြစ်သူအား ဖမ်းဆီးရန် လာရောက်စဉ် ညီဖြစ် သူမှာ ကြိုတင်တိမ်းရှောင်နေပြီး ၎င်းမှာ မည်သည့်ပြစ်မှုမှ ကျူးလွန်ထားသူ မဟုတ်သည့်အတွက် တိမ်းရှောင်ရန် မလိုဟုဆိုကာ နေအိမ်၌ ဆက်လက်နေထိုင်နေစဉ် ဖမ်းဆီးခံခဲ့ရကာ သေဆုံးခဲ့ခြင်းဖြစ်ကာ ကျန်ရှိသည့်ရုပ်အလောင်း ကိုလည်း ရွာသို့ သယ်ဆောင်ခွင့်မပေးဘဲ အရာတော်၌ပင် ချက်ချင်းသင်္ဂြိုလ်နိုင်းခဲ့ကာ ခန္ဓာကိုယ်၌ ရိုက်နှက်ထားသည့် ဒဏ်ရာများနှင့် ပြည့်နေပြီး မှတ်တမ်းဓာတ်ပုံရိုက်ခွင့်ကိုပါ ပိတ်ပင်ထားခဲ့သည်။



# မန္တလေးတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ သဖန်းဒေါင့်ကျေးရွာအား** အကြမ်းဖက်စစ်ကောင်စီတပ်များက မတ်လ ၂၃ ရက် နံနက် ၄ နာရီခန့်တွင် ဝင်ရောက်လာပြီး ရွာတွင်းစာသင်ကျောင်း၌ တပ်စွဲကာ ကျေးရွာသား ကိုချစ်သဲအောင်၊ ကိုကိုဦးနှင့် ကိုရှိန်းကိုကိုတို့ အကြောင်းမဲ့ သတ်ဖြတ်ခဲ့ကာ ၁၀ ဦးကျော်ကိုလည်း ဖမ်းဆီးသွားသည်။ အဆိုပါ ဖမ်းဆီးခံရ သူများမှာ ယခုအချိန်တွင် မည်သည့်နေရာ၌ ထိန်းသိမ်းထားသည်ကို မသိရသေးသည့်အတွက် ၎င်းတို့၏ အသက် အန္တရာယ်အတွက် စိုးရိမ်ရသည်။ မတ်လ ၁၂ ရက်ကလည်း အဆိုပါကျေးရွာအား စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းခဲ့ဖူးပြီး သံဃာတော်တစ်ပါးနှင့် ဒေသခံ လေးဦးကို ဖမ်းဆီးသွားခဲ့ပြီးနောက် ဒေသခံ သုံးဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း ဆရာတော် ဦးကုမာရနှင့် ကိုဇွန်ရှိန်းအောင်တို့ ပြန်မလွှတ်မလာသေးသည့်အပြင် သတင်းမရဘဲ ပျောက်ဆုံးလျက်ရှိသည်။

■ **မြင်းခြံမြို့နယ်၊ တလုပ်မြို့ ဆင်ချောင်းရွာသား** ကိုဆန်းကိုနိုင်အား အကြမ်းဖက်စစ်ကောင်စီတပ်များက မတ်လ ၁၈ ရက်တွင် ခြေထောက်အား သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် ဖမ်းဆီး ရိုက်နှက် သတ်ဖြတ်ခဲ့သည်။ တလုပ်မြို့နယ်အ တွင်း စစ်ကောင်စီတပ်များ ဝင်ရောက်လာမှုအား ကိုဆန်းကိုနိုင်မှ မိသားစုထံ သတိပေးရန် ဖုန်းဆက်အကြောင်း ကြားစဉ် ဖုန်းလက်ခံဖြေဆိုမည့် မိသားစုဝင်မှာ စစ်ကောင်စီတပ်များ အနီးသို့ ရောက်ရှိနေသည့်အတွက် ဖုန်းမကိုင်ဘဲနေစဉ် စစ်ကောင်စီတပ်သားများက သံသယဝင်သွားပြီးနောက် ခေါ်ယူစစ်ဆေးရာမှ ကိုဆန်းကိုနိုင်ရှိရာ နေရာအား ခြေရာခံပြီးနောက် ၎င်းရှိရာနေအိမ်၌ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ တံငါသည်တစ်ဦးဖြစ်သည့် ကိုဆန်းကိုနိုင်မှာ ဆင်ချောင်းကျေးရွာတောင်ဘက်ရှိ တံငါလုပ်ငန်းလုပ်ကိုင်သူများ စုပေါင်းနေထိုင်သည့် တဲတန်းတွင် ရှိနေ စဉ်ဖမ်းဆီးခံရခြင်းဖြစ်ကာ ဖမ်းဆီးချိန်တွင်လည်း ထွက်ပြေးရန် ကြိုးစားသည်ဟုဆိုကာ စစ်ကောင်စီတပ်များက ခြေထောက်အား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

■ **မန္တလေးမြို့ ကျုံးမြောက်မြမ်းတွင်** အသွားအလာကန့်သတ်ထားချိန် မဟုတ်သည့် ည ၉ နာရီခန့်တွင် ဆိုင်ကယ်စီး နင်းလာသည့် အမျိုးသမီးတစ်ဦးအပါအဝင် လူငယ်သုံးဦးကို စစ်ကောင်စီတပ်များက အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ အမျိုးသမီးမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးကာ အခြားလူငယ်တစ်ဦးမှာ ကျည်ထိမှန်ဒဏ်ရာဖြင့် အသက်အန္တရာယ် စိုးရိမ်ရလျက် ရှိသည်။




# မကွေးတိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

■ **ပေါက်မြို့နယ်၊ အင်းငယ်ဒေါင့်ကျေးရွာတွင်** စစ်ကောင်စီနှင့် ၎င်းတို့၏ လက်အောက်ခံ ပျူစောထီးတပ်များက ဒေသခံ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ ၎င်းနှင့်အတူရှိသည့် လူမမယ် သမီးငယ်ကိုလည်း ဓားဖြင့် ထိုးသတ်ခဲ့သည်။ ထို့ပြင် ယင်းအဓမ္မပြုကျင့်ခံခဲ့ရကာ ဓားဖြင့် ထိုးသတ်ခံရသည့် အမျိုးသမီး၏ အခြားမိသားစုဝင်များအပါအဝင် ရွာခံပြည်သူ ၃၀ ကျော်ကိုလည်း ဓားစာခံပြုလုပ်ဖမ်းဆီးခဲ့သည့်အပြင် ပြည်သူ့လုံခြုံရေးအတွက် ကာကွယ်ပေးသူ လေးဦးကိုလည်း မီးရှို့ သတ်ဖြတ်ခဲ့ကြသည်။

■ **ဂန့်ဂေါမြို့နယ်၊ မြောက်ခင်ရန်းကျေးရွာသား** ဦးရွှေဘကို အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ပျူစောထီးများက မတ်လ ၁၈ ရက်တွင် ဖမ်းဆီးပြီးနောက် လူမဆန်စွာ နှိပ်စက်ကာ သတ်ဖြတ်ခဲ့ကြသည်။ မတ်လ ၁၇ ရက်က ကျေးရွာတွင်းရှိ ပျူစောထီး အိမ်တစ်အိမ် မီးလောင်သဖြင့် တစ်အိမ်တစ်ယောက် မီးထွက်ငြိမ်းရန် ပျူစောထီးများက နိုင်းစေသဖြင့် ၎င်းတို့ နိုင်းစေသည့်အတိုင်း ဦးရွှေဘမှာ မီးထွက်ငြိမ်းပေးပြီးနောက် မတ်လ ၁၈ ရက် နံနက်ပိုင်းတွင် ၎င်းအိမ်သို့ စစ်ကောင်စီတပ်နှင့် ပျူစောထီးများ ရောက်ရှိလာကာ ပျူစောထီးနေအိမ်အား မီးရှို့သည်ဆိုကာ ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဖမ်းဆီးသွားခဲ့သည်။ ဘုန်းတော်ကြီးကျောင်း၌ ထိန်းသိမ်းခံထားရစဉ် စစ်တပ်နှင့် ပျူစော

ထိးများက ဦးရွှေဘအား ပါးစပ်တွင်းသို ရေနွေးပူများ လောင်းချ၍ နှိပ်စက်ခြင်း၊ ကားတွင် ကြိုးဖြင့် တွဲလောင်းချိတ်ဆွဲကာ ကျေးရွာစာသင်ကျောင်းမှ လယ်ကြီးမြစ်ဆိပ်အထိ မောင်းနှင်၍ နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ပြီးနောက် ယင်းနှိပ်စက်မှုဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။ ဦးရွှေဘမှာ ဆွေမျိုးများ၏ ကြည့်ရှုစောင့်ရှောက်မှုဖြင့် နေထိုင်ရပ်တည်နေရသူဖြစ်ကာ ဖုန်းပင် သုံးတတ်သူ မဟုတ်ဘဲ ကျန်ရှိခဲ့သည့် ၎င်း၏ ရုပ်အလောင်းကိုလည်း မိသားစုများထံ မပေးအပ်ဘဲ ချက်ချင်းမီးရှို့ သင်္ဂြိုဟ်ဖျက်ဆီးခဲ့သည်။



## နိုင်ငံတဝန်းရှိ ဖမ်းဆီး၊ သတ်ဖြတ်၊ ဖိနှိပ်နေမှုများ

■ **ကရင်နီပြည်နယ်၊ လွိုင်ကော်-ဒီးမော့ဆိုမြို့ကြားရှိ** စံပြ (၆) မိုင်အုပ်စု၊ ကယောပိုင်းကျေးရွာတွင် လွန်ခဲ့သည့် နှစ်လခန့်က အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ တပ်ဖွဲ့များ၏ ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရသည့် ဒေသခံပြည်သူ သုံးဦး၏ အရိုးကျနေသည့် ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့သည်။ ယင်းကာလက ပြည်သူငါးဦး အကြောင်းမဲ့သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ကာ ယင်းအနက် သုံးလောင်းအား ပြန်လည်တွေ့ရှိရခြင်း ဖြစ်သည်။

■ **ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊** ကုန်ဆုံးကျေးရွာရှိ ဒေသခံပြည်သူပိုင် နေအိမ်တစ်လုံးအား အကြမ်းဖက် စစ်ကောင်စီတပ်များက ဖောက်ထွင်းဝင်ရောက်ကာ တန်ဖိုးရှိပစ္စည်းများအား ခိုးယူပြီးနောက် မီးရှို့ဖျက်ဆီးခဲ့ကြသည်။

■ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဝယ်ပေါင်ကျေးရွာတွင်** မတ်လ ၁၈ ရက် ညပိုင်းက ဖမ်းဆီးခံခဲ့ရသည့် နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းသားဟောင်း ကိုအောင်ခန့်ဟိန်းမှာ ဖမ်းဆီးခံရပြီး နှစ်ရက်အကြာတွင် စစ်ကြောရေး၌ နှိပ်စက်သတ်ဖြတ်ခံခဲ့ရသည်။ မတ်လ ၁၈ ရက် ညပိုင်းက ဝယ်ပေါင်ကျေးရွာရှိ ဝပ်ရှော့တစ်ခုတွင် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက် ကို အောင်ခန့်ဟိန်းနှင့် အရပ်သားပြည်သူတစ်ဦး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ သေနတ်ဒဏ်ရာများဖြင့် ဖမ်းဆီးခံခဲ့ရသည့် ကိုအောင်ခန့်ဟိန်းမှာ ဆေးကုသခွင့်မရရှိသည့်အပြင် စစ်ကြောရေး၌ ပြင်းထန်စွာ စစ်မေးနှိပ်စက်ခံရသည့်အတွက် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

■ **စစ်ကောင်စီ ရုံးစိုက်ရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ** အသက် ၁၅ နှစ်အရွယ် အခြေခံပညာကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) ဥက္ကဋ္ဌ မောင်ထွန်းအောင်ကျော်ကို အဆိုပါမြို့နယ် တရားရုံးက ထောင်ဒဏ် ခုနစ် နှစ် ချမှတ်လိုက်သည်။ ၎င်းသည် စစ်ကျွန်ပညာရေးစနစ်ကို သပိတ်မှောက်ကာ စစ်အာဏာရှင် ဆန့်ကျင်ဆန္ဒပြတော်လှန်မှုများတွင် ပါဝင်နေသူတစ်ဦး ဖြစ်သည်။

■ **တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်တွင်** မတ်လ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဆိုင်ကယ်မောင်းနှင်လာသည့် ဦးစိုးသိန်းနှင့် ကိုမင်းဟိန်းတို့နှစ်ဦးအား ကျောက်လုံးကြီးဘုရားအနီးအရောက်တွင် အကြမ်းဖက်စစ်ကောင်စီလက်နက်ကိုင်များက သေနတ်ပစ်ဖောက် ဖမ်းဆီးခဲ့ကာ ထားဝယ် ဝဲကျွန်းခရိုင်ရုံးမှတစ်ဆင့် တပ်နယ်စစ်ကြောရေးသို့ ပို့ဆောင်ထိန်းသိမ်းထားကာ ယခုအချိန်အထိ မိသားစုနှင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိသည့်အတွက် အသက်အန္တရာယ် စိုးရိမ်ရလျက်ရှိသည်။

■ **တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ စစ်ပြဲရွာနေ** မအိမိုမို့မြတ်မှာ မတ်လ ၂၂ ရက် ညနေ ၄ နာရီခန့်တွင် နေအိမ်၌ ကလေးငယ်များအား စာသင်ကြားပေးနေစဉ် အကြမ်းဖက်စစ်ကောင်စီတပ်များက အကြောင်းမဲ့ဝင်ရောက်ဖမ်းဆီး သွားသည်။ ၎င်းမှာ သွားဖွားသူနာပြုဆရာမတစ်ဦးဖြစ်ကာ ယင်းအလုပ်အားဆက်မလုပ်တော့ဘဲ သာမန်ဈေးရောင်းသူတစ်ဦးအဖြစ် ရပ်တည်နေသူ ဖြစ်သည်။

# "သူတို့က ဝင်လာပြီး လိုချင်တာတွေယူတယ်၊ ဖျက်ဆီးသွားတယ်၊ ကျွန်မအိမ်လည်း ဖျက်ဆီးခံရတဲ့အထဲ ပါပါတယ်"

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်အတွင်း စစ်ကောင်စီတပ်များနှင့် ပျူစောထီးများက ကျူးလွန်သည့် အကြမ်းဖက်မှုဖြစ်စဥ်အတွင်း အသက် ၁၄ နှစ်အရွယ် တူတော်စပ်သူ သေဆုံးကာ ကိုယ်တိုင် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် **ခင်ဦး၊ မြို့သစ်ကျေးရွာဒေသခံ အမျိုးသမီးတစ်ဦးအား ဆက်သွယ်မေးမြန်းခြင်း**

**မေး** ***အမက ဘယ်ရွာမှာနေတာလဲ ဆိုတာရယ်၊ အခုလက်ရှိ ခင်ဦးနယ်မှာကြုံတွေ့နေရတဲ့ ဖိနှိပ်သတ်ဖြတ်ခံရမှုတွေနဲ့ ပတ်သက်ပြီး သိသမျှ မြင်သမျှလေးတွေ ပြောပြပေးနိုင်မလားရှင့်။***

**ဖြေ** ဟုတ်ကဲ့၊ ကျွန်မက ခင်ဦးမြို့နယ် မြို့သစ်ရွာ ဒေသခံပါရှင့်။ ကျွန်မတို့ မြို့သစ်ရွာအပါအဝင် ခင်ဦးအနောက်ခြမ်းဟာ အတော်လေး ဖိနှိပ်ခံခဲ့ရပါတယ်၊ ၆.၂.၂၀၂၂ ရက်မှာ ဘယ်သူကရှင်းမှန်းမသိတဲ့ ဒလန်အသတ်ခံရပါတယ်။ ၇.၂.၂၀၂၂ မှာ အဲဒီအလောင်းလာကောက်တော့ သူတို့ လာတယ်ဆို လူတွေက ပြေးရတာကိုး၊ ပြေးရင်းလွှားရင်း ထိပ်တိုက်တွေ့တဲ့ အပြစ်မဲ့ပြည်သူတစ်အိမ်တည်းနေတဲ့ ညီအစ်ကို နှစ်ယောက်ကို ပစ်သတ်သွားပါတယ်။ တစ်ယောက်က ကျူရှင်ဆရာပါ၊ တစ်နှစ်နဲ့ ၃ လအရွယ်ကလေးတစ်ယောက်ရှိတယ်။ နောက်တစ်ယောက်က ၁ လသားကလေးရဲ့ အဖေပါ။

နောက် ၁၇.၂.၂၀၂၂ ရက်နေ့မှာ တစ်ခေါက် ထပ်လာပါတယ်။ သူတို့ လာပြီဆိုတာနဲ့ ပြည်သူတွေက အဝေးကို ထွက်ပြေးရ၊ ရွာနားလည်း မကပ်ရဲကြဘူး။ တချို့တလေကတော့ ရွာထဲဘယ်သူတွေပါသလဲ သိချင်လို့ ရွာပြင်က ချောင်းကြည့်နေကြတယ်။ တချို့လည်း ရွာထဲ ပိတ်မိကျန်နေကြတယ်။ မနက် ၁၀ နာရီထဲက ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ဝင်လာပြီးတော့ ပြည်သူတွေရဲ့ စပါးတွေတင်တယ်၊ ဆိုင်ကယ်တွေ တင်တယ်၊ အိမ်တွေပစ္စည်းတွေ ဖျက်ဆီးတယ်၊ တစ်နေကုန်ပါပဲ။ စိတ်ကြိုက်လုပ်ပြီးသွားတော့ အရပ်ဝတ်တွေနဲ့ ပျူဒလန်တွေ ပါတဲ့အတွက် ရွာသားတွေယောင်ဆောင်ပြီး နေ့လည် (၂) နာရီလောက်မှာ ရွာပြင်က ကလေးတွေကို လက်ယပ်ပြီး လှမ်းခေါ်ပါတယ်။ ရွာက ကလေးတွေက ကိုယ့်လူတွေထင်ပြီး ဝင်သွားတဲ့အခါ ညှပ်ပိတ်ပြီး ပစ်တာကြောင့် ရွာတောင်ဘက်က (၄) ယောက်၊ ရွာအနောက်ဘက်က (၄) ယောက်၊ ရွာအရှေ့ဘက်က (၆) ယောက် ပစ်သတ်ခံလိုက်ရပါတယ်၊ အသတ်ခံရတဲ့အထဲမှာ အသက် (၁၄) နှစ်ပဲ ရှိသေးတဲ့ ကျွန်မတူလေးလည်း ပါပါတယ်။ ကျွန်မတို့တွေ ဘယ်လောက်ရင်ကွဲရမလဲ တွေးကြည့်ပါ၊ အခုချိန်ထိ တွေးမိတိုင်း ရင်နာနေရတုန်းပါ ဖြေလို့မရပါဘူး။

**မေး** ***မီးရှို့ခံရတဲ့ရွာတွေရော ရှိပါသေးလား။***

**ဖြေ** ဟုတ်ကဲ့ ရှိပါတယ်။ နောက်ထပ် ၅.၃.၂၀၂၂ ရက်နေ့မှာ ဒန်းကုန်း၊ မုန်တော၊ ကျွန်းလယ်ရွာတွေကို ဝင်ပါတယ်။ ဒန်းကုန်းမှာလည်း မီးရှို့ပါတယ်၊ မုန်တောမှာလည်း မီးရှို့ပါတယ်။ မုန်တောရွာဆို အိမ်တော်တော်များများကို ပါသွားပါတယ်။ ကျွန်းလယ်မှာလည်း မီးရှို့ခံရပါတယ်။ ၇.၃.၂၀၂၂ ရက်နေ့မှာ ကျွန်မတို့ မြို့သစ်ဘက်ကို ပြန်ဝင်ပါတယ်။ ပြန်ဝင်တဲ့အချိန် အင်အား ၁၀၀ လောက်ရှိတာမို့ သူတို့ လာနေတာကိုလည်း မြင်နေရပါတယ်။ သူတို့ လာတာကိုသိတာနဲ့ ပြည်သူတွေ အားလုံးက ထွက်ပြေးရပါတယ်။ အဲ့ဒီအချိန် သူတို့က ဝင်လာပြီး လိုချင်တာတွေ ယူတယ်၊ ဖျက်ဆီးသွားတယ်။ ကျွန်မအိမ်လည်း ဖျက်ဆီးခံရတဲ့အထဲ ပါပါတယ်။ အဲ့ဒီနောက် သာဂရမှာ ၇.၃.၂၀၂၂ ရက်နေ့ည အိပ်သွားပြီး ၈.၃.၂၀၂၂ရက်နေ့ မနက်ပြန်ထွက်ပြီး ညောင်ပင်ကြီးစုဘက်က ရွှေသိမ်တော်ရွာ ဆိုတာရှိပါတယ်။ အဲဒီမှာ ဘာလက်နက်တွေ သုံးတယ်တော့မသိဘူး။ အနံ့တွေ ရှူလိုက်တာနဲ့ မူးလဲသွားတယ်လို့ ကျန်နေခဲ့တဲ့ ကလေးတွေက ပြောပါတယ်။ အဲဒီလို မူးလဲတဲ့အချိန်မှာ လည်ပင်းကြိုးကွင်းတပ်ဆွဲပြီး

လယ်ကွင်းတစ်နေရာမှာ စုပြုံပြီး ခေါင်းတွေချည်း ပစ်သတ်သွားပါတယ်ရှင်။

**မေး** ***အဲဒီနေ့က ကလေးဘယ်နှစ်ယောက်လောက် အသတ်ခံလိုက်ရပါလဲရှင့်။***

**ဖြေ** စုစုပေါင်း (၁၄) ယောက်ပါရှင့်၊ လူငယ်တွေချည်းပါပဲ။ အသက် ၁၇ နှစ်နဲ့ ၂၂ ကြားအရွယ်တွေချည်းပါပဲရှင်။ ဒီကလေးတွေအတွက် ကျွန်မတို့ ဘယ်လောက်ထိ ရင်ကွဲရတယ်ဆိုတာ တွက်သာ ကြည့်ပါ။

**မေး** ***အဲ့ဒီနောက်ပိုင်း အခြားဘယ်ရွာတွေမှာရော အခုလို လုပ်ရပ်မျိုးတွေ ကြုံတွေ့နေရပါသေးလဲ။***

**ဖြေ** ဟုတ်ကဲ့ ရှိပါတယ်၊ ခင်ဦးအရှေ့ပိုင်းပေါ့။ ၂၀.၃.၂၀၂၂ ရက်နေ့မှာ ရေဦးဘက်ကနေ ခြေကျင် လျှောက်ပြီး ရွာတော်ရွာကို ဝင်ပါတယ်။ ရွာတော်မှာ ကင်းပုန်းထားခဲ့တဲ့ စကစတပ်သားတွေက ရွာတော်ရွာက ပြည်သူနှစ်ယောက်ကို ပစ်သတ်ထားခဲ့ပါတယ်။ ရွာတော်နဲ့ ကျွန်းတောရွာကြားက တဲကြီး၊ လူနေတဲကြီးပေါ့နော်။ အဲ့ဒီတဲကိုလည်း မီးရှို့ထားခဲ့ပါတယ်။ နောက်ထပ် ကင်းပြစ်ရွာကို ဝင်မွှေ၊ ဘုန်းကြီးကျောင်းမှာ တပ်စွဲပြီး လူကြီးတွေကို ဖမ်းပြီး သိချင်တာတွေမေး၊ PDF တွေ အကြောင်းမေး၊ လိုက်ပြနိုင်း၊ မပြတဲ့သူတွေကို ရိုက်နှက်နှိပ်စက် တာတွေ လုပ်ပါတယ်၊ ညနေခင်းမှာ အိမ် ၂ လုံး ၃လုံး ဖျက်ဆီးပြီး ၁လုံးကို မီးရှို့ခဲ့ပါတယ်။

၂၁.၃.၂၀၂၂ ရက်နေ့မှာတော့ တမုတ်ရွာကိုဝင်ပြီး ညနေ ၄နာရီလောက်ကစ မီးရှို့လိုက်တာ ဘုန်းကြီးကျောင်းအပါအဝင် တစ်ရွာလုံးနီးပါးပါပဲ ကျွမ်းပါတယ်။ ပတ်ဝန်းကျင်ရွာတွေကို ပတ်ရမ်းပစ်ပါတယ်။ ပြည်သူတွေကိုလည်း ဖမ်းထားတယ်။ လူသားဒိုင်းလိုမျိုး လုပ်ထားပြီး ရွာတွေကို မီးရှို့တယ်။ ၂၂.၃.၂၀၂၂ ရက်နေ့မှာ ကုလားလူးရွာနဲ့ ရှားလွင်ရွာတွေကိုဝင်ပြီး မီးထပ်ရှို့တယ်၊ တစ်ရွာလုံးနီးပါးပါပဲ။ ကုလားလူးက နည်းနည်းကျန်တယ်၊ ပြည်သူတော့ အထိအခိုက်မရှိဘူး။ ရွာကြီးတွေမို့ အိမ်ခြေတွေ အများကြီးပါသွားပါတယ်။ အဲဒီနားက ရွာစဉ်ရွာကိုတော့ မီးမရှို့သွားဘူး။ လိုချင်တာတွေယူတယ်၊ ဖျက်ဆီးသွားတယ်။ အခု ၂၇ ရက်နေ့က တစ်ခါ ထပ်ဝင်ပြီး ကုလားလူးမှာ ရွာသားတွေ ဖမ်းထားတယ်။ ကျန်တဲ့ အိမ်တွေ ထပ်ရှို့တယ်။ ရှားလွင်ရွာကိုလည်း ထပ်ရှို့တယ်။ ရွာတွေကို မီးရှို့ရင်းနဲ့ ၂၉.၃.၂၀၂၂ ရက်နေ့မှာ ကုလားလူးရွာက (၂) ယောက်၊ ရှားလွင်က (၂) ယောက်နဲ့ မောင်းကျောက်တောရွာက (၁) ယောက်၊ စုစုပေါင်း (၅) ယောက် ပစ်သတ်ခံခဲ့ရပါတယ်။ အဲဒီနေ့မှာပဲ ကုလားလူးက ကျန်တဲ့အိမ်တွေကို လက်နက်ကြီးနဲ့ ပစ်တယ်။ ကျည်က ထန်းပင်ကို ဖောက်ပြီး ပြည်သူတစ်ယောက် ထိခိုက်ခဲ့တယ်၊ တစ်ယောက်က ပခုံးကို ထိပါတယ်။ ၂၈၊ ၂၉၊ ၃၀ ရက်တွေမှာ ခင်ဦးအရှေ့ဘက်ခြမ်းကို ဆက်တိုက် နေ့တိုင်းလိုလို ရွာတွေ ဝင်တယ်၊ နေ့တိုင်းလိုလို မီးရှို့တယ်၊ ပြည်သူတွေကို သတ်နေတယ်ပေါ့။ မီးရှို့ခံထားရတဲ့ရွာတွေဆိုတော့ နေစရာ အိမ်မရှိဘူး။ အဆက်အသွယ်လည်း အမြဲတော့ မရဘူး။ ရတဲ့အချိန် သိရသမျှ ပြောရတာပါ၊ အဲဒီဘက်တွေမှာ အခုထိလည်း ဖြစ်နေတုန်းပဲ။

**မေး** ***အမအနေနဲ့ ဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ဘာများ ထပ်ပြောစရာရှိပါသေးလဲရှင့်။***

**ဖြေ** ကျွန်မတို့က တောင်သူ လယ်သူရိုးပဲ လုပ်ကိုင်စားကြသူတွေပါ။ အခုဆိုရင် ပျက်ဆီးဆုံးရှုံးသွားတဲ့ အိုးအိမ်စည်းစိမ်တွေ၊ ပစ္စည်းတွေလည်း ဘယ်လိုပြန်တည်ထောင်ရမယ်ဆိုတာ စဉ်းစားလို့မရဘူး။ လက်ရှိကနေ လက်မဲ့ဖြစ်သွားရတာမို့ တော်တော်နဲ့ ပြန်မထူထောင်နိုင်သေးပါဘူး။ အခုဆိုရင် စစ်ပြေးဒုက္ခသည်တွေကလည်း အများကြီးပဲ၊ အိမ်မရှိတော့တဲ့လူတွေက မီးရှို့မခံရတဲ့ရွာတွေမှာ သွားကပ်နေပြီး ဘုန်းကြီးကျောင်းကကျွေးတာ စားနေကြရပါတယ်။ တောင်သူအလုပ်လည်း လုပ်လို့မရသေးပါဘူး။ လုပ်လည်း မလုပ်ရဲကြတော့ဘူး၊ လုပ်စရာလည်း ဘာမှ မရှိကြတော့ဘူး။ မီးရှို့ခံရတဲ့ရွာတွေက ပြည်သူတွေဟာ စားစရာ၊ နေစရာ အခက်အခဲတွေ၊ ဆင်းရဲဒုက္ခတွေ အများကြီး ရင်ဆိုင်ကြုံတွေ့ခံစားနေရပါတယ်။ ဒါတွေကို ဘယ်လိုများကူညီနိုင်ကြမလဲပေါ့နော်။အခုလက်ရှိမှာ ကျွန်မတို့ ခင်ဦးနယ်ဘက် မီးရှို့ဖျက်ဆီးခံရတဲ့ ရွာတွေမှာ အကူအညီတွေလည်း အများကြီး လိုအပ်နေပါတယ်။ အိမ်တွေ၊ ပစ္စည်းတွေ တော်တော်များများ၊ ကလေးတော်တော်များများ ဆုံးရှုံးရတဲ့အတွက် ဖြေလည်းမဖြေနိုင်ပါဘူး။ ဘာမှပြန်မလုပ်နိုင်တဲ့ အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်သွားတာကို ဘယ်လိုမှ မကျေနပ်နိုင်ပါဘူး။

> ညောင်ပင်ကြီးစုဘက်က ရွှေသိမ်တော်ရွာ ဆိုတာရှိပါတယ်။ အဲဒီမှာ ဘာလက်နက်တွေ သုံးတယ်တော့မသိဘူး၊ အနံ့တွေ ရှူလိုက်တာနဲ့ မူးလဲသွားတယ်လို့ ကျန်နေခဲ့တဲ့ ကလေးတွေက ပြောပါတယ်။ အဲဒီလို မူးလဲတဲ့အချိန်မှာ လည်ပင်းကြိုးကွင်းတပ်ဆွဲပြီး လယ်ကွင်းတစ်နေရာမှာ စုပြုံပြီး ခေါင်းတွေချည်း ပစ်သတ်သွားပါတယ်ရှင်

# ရက်ရက်စက်စက် လုပ်ဆောင်နေတဲ့ စစ်ကောင်စီကို ထပ်ပြီးတော့ အချိန်ပေးလို့ မရဘူး၊ နှောင့်နှေး နေလို့ မရဘူး

ကျူးလွန်မှုတွေက ပြည်သူတစ်ခုလုံး ပြည်သူတစ်ရပ်လုံးကို ရန်သူလို သတ်မှတ်ပြီးတော့ လုပ်ဆောင်နေတဲ့ အဆင့်ထိကို ရောက်နေပြီ။

(လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့် ဆွေးနွေးခဲ့မှုများနှင့် ပတ်သက်၍ အမျိုးသား ညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဆက်သွယ်မေးမြန်းခြင်း)

**မေး:** ***အခုလက်ရှိကျင်းပနေတဲ့ လူ့အခွင့်အရေးကောင်စီ ညီလာခံမှာ NUG အနေနဲ့ မြန်မာ့အရေးအတွက် ဘာတွေ ဆောင်ရွက်နေတာ ရှိပါသလဲရှင့်***

**ဖြေ** ဟုတ်ကဲ့ အခုလက်ရှိကျင်းပနေတဲ့ လူ့အခွင့်အရေး ကောင်စီမှာကတော့ ကျွန်တော်တို့ သူတို့ရဲ့ ဆုံးဖြတ်ချက်အတိုင်း ပဲ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး တက်နိုင်တဲ့ အရာတော့ မရှိပါ ဘူး။ ဘာကြောင့်လဲဆိုတော့ အထွေထွေညီလာခံမှာ ဆုံးဖြတ်ထား တဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ ဦးကျော်မိုးထွန်းနဲ့ နောက်တခါ ဒီစစ် ကောင်စီက တင်သွင်းထားတဲ့ ကိုယ်စားလှယ်တွေကို သူတို့အနေ နဲ့ ကိုယ်စားပြုခွင့်ကို ဆုံးဖြတ်ထားတာ မရှိတဲ့အတွက် တစ်ဦး ချင်း ဒါမှမဟုတ် လူပုဂ္ဂိုလ်အရ ဝင်ရောက်ပြီး တက်နိုင်တာ မရှိ ဘူး။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ကတော့ NUG က ပြည်သူတွေ ကို ကိုယ်စားပြုတဲ့ အစိုးရဖြစ်တယ်။

ဒါကြောင့်မို့လို့ ဒီလိုမျိုး ကျွန်တော်တို့ လူ့အခွင့်ရေးကောင်စီမှာ လက်ရှိမြန်မာနိုင်ငံမှာ ဆိုးဆိုးရွားရွား ဖြစ်ပွားနေတဲ့ အခြေအနေ တွေကို ကျွန်တော် တင်ပြဖို့ရှိတယ်။ တချိန်တည်းမှာတင် မြန်မာနိုင်ငံမှာ အကြမ်းဖက်စစ်ကောင်စီက ကျူးလွန်နေတဲ့ ရာဇဝတ်မှုတွေကို တားဆီးဖို့အတွက် နိုင်ငံတကာမှာလည်း တာဝန်ရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အကြောင်းအရာတွေကို သိရှိဖို့အတွက် တင်ပြတာတွေ အစီရင်ခံစာရေးသားတွေ တချိန်တည်းမှာပဲ ကုလသမဂ္ဂ အပါ အဝင် ကျွန်တော်တို့ နိုင်ငံတွေ အားလုံးကနေ ဘာတွေ လုပ်ဆောင်သင့်လဲဆိုတဲ့ ဆုံးဖြတ်ချက်ပါ။ ကျွန်တော်တို့ ဘာတွေ ဖြစ်စေချင်လဲဆိုတဲ့ အဖြစ်အပျက်တွေကို တင်သွင်းပါတယ်။

အဲဒါကြောင့်မို့လို့ မတိုင်ခင်မှာပဲ လူ့အခွင့်အရေးဝန်ကြီးဌာန အနေနဲ့ မြန်မာနိုင်ငံမှာ လက်ရှိ ဖြစ်ပွားနေတဲ့ စစ်ကိုင်း၊ ကရင်နီ ဒေသ၊ ချင်း၊ မကွေးတိုင်းတွေမှာ ရက်ရက်စက်စက် ဖြစ်ပွားနေတဲ့ အချက်တွေကို ကျွန်တော်တို့ အစီရင်ခံစာတစ်ခု တင်သွင်းပါ တယ်။ နောက်ပြီးလို့ရှိရင် ကျွန်တော်တို့ ကုလသမဂ္ဂက လူ့ အခွင့်အရေးကောင်စီကို တက်ရောက်နေတဲ့ သံတမန်တွေကို NUG ရဲ့ ရပ်တည်ချက် သိရှိဖို့အတွက် သံအမတ်ကြီး ဦးကျော်မိုး ထွန်း မနေ့ကပဲ တင်သွင်းတာရှိတယ်။ တင်ပြ ပြောဆိုတာ ရှိ တယ်။ ကျွန်တော်ကိုယ်တိုင်လဲ မနေ့ကပဲ NUG လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာနရဲ့ ရပ်တည်ချက်နဲ့ တောင်းဆိုချက်တွေကို တင်ပြပြောဆိုတာ ရှိပါတယ်။

**မေး:** ***ဟုတ်ကဲ့ပါဆရာ အဲဒီတော့ ဒီညီလာခံပြီးသွားရှိရင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအတွက် ဘယ်လို ထူးခြားမှုတွေ မျှော်လင့်လို့ ရနိုင်မလဲဆရာ။***

**ဖြေ** ကုလသမဂ္ဂမှာ လူ့အခွင့်အရေးအကြောင်း ပြောဖို့ အတွက် အမှန်ကန်ဆုံးနေရာနဲ့ အသင့်တော်ဆုံး နေရာကတော့ ခုကျင်းပနေတဲ့ လူ့အခွင့်အရေးကောင်စီဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ့နေရာမှာ မြန်မာနိုင်ငံအနေနဲ့ကလည်း အရင်တုန်းကရှိခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး တော့ နိုင်ငံအလိုက်တင်သွင်းတဲ့ ဆွေးနွေးမယ့် လုပ်ထုံးလုပ်နည်း ကလည်း ရှိထားပြီးသားဖြစ်ပါတယ်။ အဲဒါကြောင့်မလို့ လက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေတွေကို တင်ပြဖို့အတွက် ကျွန်တော် တို့ ကြိုးစားခဲ့တယ်။

> *တရုတ်တို့ ရုရှားတို့ကနေ မြန်မာနိုင်ငံအပေါ်ကာကွယ်ပေးတဲ့ ပုံစံကတော့ နည်းနည်း လျော့သွားတယ်။ ဒီတစ်ခုက ပြောကြမယ်ဆိုရင်တော့ တစ်ဖက်ကလည်း အားတက်စရာ တစ်ခုပါပဲ။*

ကြီးစားတဲ့နေရာမှာ ကျွန်တော်တို့က ဘာတွေဖြစ်လာနိုင်လဲဆိုတော့ အခုလိုမျိုး လက်ရှိ ဖြစ်ပွားနေတဲ့ အကြောင်း အရာတွေကို ကမ္ဘာသိအောင် တင်ပြနိုင်တယ်။ တချိန်တည်းမှာပဲ ဒီလိုမျိုး ကျွန်တော်တို့ လက်ရှိ လုပ်ထုံးလုပ်နည်းအရ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ လူ့အခွင့်အရေး ကောင်စီကနေ ချမှတ်တဲ့ ဆုံးဖြတ်ချက်ဆိုတာ ထွက်လာပါလိမ့်မယ်။

အဲဒီတော့ အဲဒီဆုံးဖြတ်ချက်ထဲမှာ ကျွန်တော်တို့ လက်ရှိ ပြောပြ တင်ပြနေတဲ့ NUG ကို အသိအမှတ်ပြုပါ။ အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့ အကြမ်းဖက်စစ်ကောင်စီကို နိုင်ငံတကာ ခုံရုံးတွေစ အရေးယူဖို့ လုပ်ဆောင်ပါ။ တစ်ချိန်တည်းမှာပဲ သူတို့ကို အားပေးထောက်ခံနေတဲ့ စီးပွားရေး၊ လက်နက်တင်ပို့ရောင်းချမှု အားလုံးကို ပိတ်ပင်အောင် ကျွန်တော်တို့ တောင်းဆိုတဲ့ အဆင့်မျိုး နောက်တခါ သူတို့ကို တရားစွဲဆိုနိုင်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးတွေကတဆင့် လွှဲပြောင်းပေးပါဆိုတဲ့ ဆုံးဖြတ်ချက် ဒါတွေ ထွက်ပေါ်နိုင်ဖို့အတွက် နေရာကောင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေ ထွက်ပေါ်လာမယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ လိုလားတဲ့ စစ်ကောင်စီကို အားပေးနေတဲ့အရာတွေ ရပ်တန့်ဖို့ရယ် သူတို့ကို ကျွန်တော်တို့ နိုင်ငံတကာ တရားစီရင်မှု လမ်းကြောင်းအတိုင်း ရောက်အောင် လုပ်ဆောင်နိုင်ဖို့ အတွက် နောက်ထပ်ဖိအားတွေ အများကြီး ဖြစ်လာနိုင်ပါတယ်။

ဒါပေမဲ့ အားလုံးသိဖို့ ကိစ္စတခုကလည်း ကျွန်တော်တို့ ကုလသမဂ္ဂဆိုတာ ဌာနအသီးသီး လုပ်ထုံးလုပ်နည်း အမျိုးမျိုးရှိပါတယ်။ တဖက်မှာအားကောင်းလာပေမယ့် အခြားတဖက်မှာ နှောင့်နှေးတာမျိုး ရှိနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ အရေးကြီးတဲ့ နေရာဌာန ဖြစ်တဲ့အတွက် ဒီနေရာမှာ ခိုင်မာကောင်းမွန်အားကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ပေါ်ထွန်းလာနိုင်တာကတော့ သေချာပါတယ်ခင်ဗျ။

**မေး** ***ဟုတ်ကဲ့ပါဆရာ အခုဆိုလို့ရှိရင် လက်ရှိမှာ ရုရှား-ယူကရိန်း စစ်ပွဲကလည်း ဖြစ်နေတော့ မြန်မာ့ အရေးနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာက စိတ်ဝင်စားမှု လျော့ကျလာတယ်ဆိုတဲ့ သုံးသပ်မှုတွေ အများကြီးတွေ့လာရပါတယ် ဆရာ။ ဒီအပေါ်မှာလည်း ဆရာရဲ့အမြင်ကို သိချင်ပါတယ်ရှင့်။***

**ဖြေ** အဲဒီအချက်က ဟုတ်တော့ဟုတ်ပါတယ်။ လက်ရှိ အခြေအနေမှာက ကျွန်တော်တို့က ရုရှားနဲ့ ယူကရိန်း ကိစ္စက ကမ္ဘာက ပိုမိုအာရုံစိုက်တာပေါ့။ တဖက်ကလည်း စိတ်မကောင်းပါဘူး ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ယူကရိန်မှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ကလည်း အကြမ်းဖက်မှုတွေ ဖြစ်တယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ရာဇဝတ်မှုတွေကလည်း အကြမ်းဖက်မှုတွေ ဖြစ်တယ်။ ဒါပေမဲ့ ကမ္ဘာကတော့ ယူကရိန်းက ပိုပြီးတော့ အာရုံစိုက်စရာဖြစ်နေတာပေါ့။ အခု ကျွန်တော်တို့ ဒီလိုဆွေးနွေးတဲ့အခါမှာလည်း ဒီအခက်အခဲလေး ရိုက်ခတ်မှု အနည်းငယ်တော့ ရှိပါတယ်။ မြန်မာနိုင်ငံအကြောင်းဆွေးနွေးတဲ့ ပုံစံကနေ ယူကရိန်းကို ပိုမိုဆွေးနွေးတာ ယူကရိန်းနဲ့ ပတ်သက်ပြီးတော့ ပိုမိုပြီးတော့ ထိရောက်တဲ့ ကုလသမဂ္ဂဆိုင်ရာ လုပ်ဆောင်ချက်တွေ ပေါ်ထွန်းလာတာ ဒါလေးတွေ ကျွန်တော်တို့ ရှိပါတယ်။ နည်းနည်း မြန်မာ့အရေးကတော့ မှေးမှိန်သွားတဲ့ သဘောမျိုးရှိပါတယ်။

ဒါပေမဲ့ တဖက်မှာလည်း ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့က ပြောကြတယ် အဲဒီမှာ ယူကရိန်းဆိုတာက ဆိုဗီယက်က ကျူးကျော်စစ်ကို ကျူးလွန်တယ်။ ခုက္ခဆိုက်ရောက်နေတာ ပြည်သူတွေဖြစ်တယ်။ မြန်မာပြည်မှာက ပြည်ပနိုင်ငံက ကျူးကျော်စစ် မဟုတ်ပဲနဲ့ အကြမ်းဖက် စစ်ကောင်စီက ပြည်သူလူထုတွေရဲ့ နယ်မြေဒေသတွေကို ကျူးကျော်ပြီးတော့ အကြမ်းဖက်မှု တပုံစံတည်းကို လုပ်ဆောင်နေတာ ဖြစ်တဲ့အတွက် ယူကရိန်းကို လုပ်ဆောင်သလို့ မြန်မာပြည်ကိုလည်း လုပ်ဆောင်သင့်တယ်။ ယူကရိန်းကို သွားနေတဲ့ ကျွန်တော်တို့ ကူညီမှုတွေ နောက်တခါ ဆိုဗီယက် တားဆီးတဲ့ အရာမျိုးတွေ ဖြစ်နေသည့်တိုင်အောင် ဒီဟာတွေ မြန်မာကိစ္စကို လုပ်ဆောင်သင့်တယ်ဆိုတဲ့ လမ်းကြောင်းကို ကျွန်တော်တို့ ရအောင် ဆွဲတင်ပါတယ်။ အဲဒီတော့ သူတို့ဘက် လုပ်ပြီးလို့ရှိရင်တော့ ကျွန်တော်တို့ဘက်ရဲ့ ပိုပြီးတော့ အာရုံစိုက်ပြီးတော့ လျှင်မြန် မြန်ဆန်တဲ့ အရေးယူ ဆောင်ရွက်မှုကို ကျွန်တော်တို့ အခုကတည်းက လမ်းကြောင်းထား လုပ်ဆောင်ပါတယ်။

နောက်ထပ်တခုက ထူးခြားချက်တခုပေါ့နော်။ ဒါကတော့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လို့ ဆုံးဖြတ်ချက် ချမှတ်မယ်. ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီတင်သွင်းမယ်ဆိုတဲ့ ကျွန်တ်ာတို့

ဆွေးနွေးချက်တွေ အရင်တုန်းကဆိုရင် တရုတ်နဲ့ ရုရှားက ဒါကို ကန့်ကွက်တဲ့ဟာမျိုး ဒါမှမဟုတ်လို့ ရှိရင် စကားလုံးတွေကို လျှော့ချဖို့အတွက် ကြိုးစားတဲ့ အရာမျိုးရှိတယ်။ အခု လောလောဆယ်တော့ ဒီယူကရိန်း ကိစ္စတွေပဲ အလုပ်ရှုပ်နေလို့လား မြန်မာနိုင်ငံကို ရပ်တည်မှု လျော့သွားလို့တော့မသိဘူး။ အဲဒီလို ပြင်းပြင်းထန်ထန်နဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက် (Resolution) ထွက်ဖို့အတွက် တွန်းတွန်း တိုက်တိုက် ပြောဆိုတဲ့အပိုင်းကတော့ ဒီတစ်ခေါက်မှာ သိသိသာသာလေး လျော့နည်းသွားပါတယ်။ အဲဒီတော့ တရုတ်တို့ ရုရှားတို့ကနေ မြန်မာနိုင်ငံအပေါ်ကာကွယ်ပေးတဲ့ပုံစံကတော့ နည်းနည်း လျော့သွားတယ်။ ဒီတစ်ခုက ပြောကြမယ်ဆိုရင်တော့ တစ်ဖက်ကလည်း အားတက်စရာ တစ်ခုပါပဲ။

**မေး** ***ဟုတ်ကဲ့ပါဆရာ၊ အခုလိုဆိုရင် အမေရိကန်ကလည်း မင်းအောင်လှိုင်ဦးဆောင်တဲ့ အကြမ်းဖက် စစ်တပ်ကို ရခိုင်ပြည်နယ်မှာ Genocide ကျူးလွန်တယ်ဆိုပြီးတော့ သတ်မှတ် ကြေညာလိုက်တာ ကို တွေ့ရပါတယ်ဆရာ။ ဒါကလည်း လူ့အခွင့်အရေးကော်စီ ညီလာခံကျင်းပနေတဲ့ အချိန်နဲ့ အချိန်ကိုက် ဖြစ်နေတာကို တွေ့ရတယ်ဆိုတော့ နောက်ဆက်တွဲမှာ ဘယ်လို အကျိုးဆက်တွေ ဆက်ပြီးတော့ ဖြစ်လာနိုင်ပါသလဲ ဆရာ။***

**ဖြေ** ဟုတ်ကဲ့ ကျွန်တော်တို့ လူ့အခွင့်အရေးကောင်စီမှာ ကျွန်တော်တို့ဆွေးနွေးတိုင်း လူ့အခွင့်အရေး ချိုးဖောက်မှုကို မတင်ပြလို့ မရပါဘူး။ အဲဒီတော့ တင်ပြနေတဲ့ ကာလအတွင်းမှာ ကျွန်တော်တို့ ဘက်ကတော့ ခိုင်ခိုင်မာမာ ဒီ လူသားမျိုးနွယ်တခုလုံးထိခိုက်တဲ့ ရာဇဝတ်မှုတွေ စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုတွေ ကျူးလွန်တယ်လို့ ခိုင်ခိုင်မာပြောနိုင်တယ်။ အခု ကျွန်တော်တို့ တင်ပြသွားခဲ့တဲ့ အထဲမှာဆိုလိုရှိရင်လည်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးကိုယ်တိုင်က စစ်ကောင်စီရဲ့ လုပ်ဆောင်မှုတွေက ဒီ ရာဇဝတ်မှု နှစ်ခုစလုံးကို ချိုးဖောက်ရောက်နိုင်တယ်လို့ သူ ပြောထားတယ်။ အထူးစုံးစမ်းစစ်ဆေးရေးအရာရှိ မစ္စတာ Tom Andrews ဒါတွေက ကျူးလွန်တာ သေချာတယ်ဆိုတဲ့ အချက်ကို သူက သေသေချာချာကို ကောက်ချက်ချပြီးတော့ ပြောဆိုထား တယ်။

အဲဒီတော့ မြန်မာနိုင်ငံအရေးမှာ အခုလက်ရှိ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်တဲ့ ရာဇဝတ်မှုတွေအကြောင်းကို သိသွားတယ်။ အဲဒီအချိန်မှာ အခုလိုမျိုး တိုက်တိုက်ဆိုင်ဆိုင်ပဲ အချိန်ကိုက်ပဲ အမေရိကားကနေ ဒီရိုဟင်ဂျာတွေ အပေါ်မှာ အကြမ်းဖက်စစ်ကောင်စီရဲ့ လုပ်ရပ်က Genocideလို့ခေါ်တဲ့ လူမျိုးတုန်းသတ်ဖြတ်မှုတွေ မြောက်ပါတယ်လို့ သတ်မှတ်လိုက်ခြင်းက မြန်မာ့အရေးကို ပိုမို အာရုံစိုက်စေတာပေါ့။ လက်ရှိ ဖြစ်ပွားနေခဲ့တဲ့ ရာဇဝတ်မှုတွေ လက်ရှိ အခြေအနေတင်မကဘူး ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေ ကတည်းက ကျူးလွန်းခဲ့တဲ့ ရာဇဝတ်မှုတွေ ကလည်း လူမျိုးတုန်းသတ်ဖြတ်မှု လို့ခေါ်တဲ့ Genocide မြောက်တယ်။

ဒါတွေကိုလည်း ကျွန်တော်တို့ မေ့ထားလို့ မရဘူး။ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်လို့ အရေးယူ ဆောင်ရွက်မှု လိုအပ်ပြီဆိုတဲ့ ကျွန်တော်တို့ရဲ့ တောင်းဆိုချက်ကို ပိုမိုပြီးတော့ အားကောင်းစေတာတော့ သေချာပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီလောက်ထိ ရက်ရက်စက်စက် လုပ်ဆောင်နေတဲ့ စစ်ကောင်စီကို ကျွန်တော်တို့ ထပ်ပြီးတော့ အချိန်ပေးလို့မရဘူး။ နှောင့်နှေးနေလို့ မရဘူး။ ပြည်သူလူထု သေခဲ့တာ အခုမှ မဟုတ်ဘူး။ ရိုဟင်ဂျာတွေ ဒုက္ခခံခဲ့ရသလို ကျွန်တော်တို့ တခြားတိုင်းရင်းသားတွေလည်း ဒုက္ခခံခဲ့ရတာ နှစ်ပေါင်းများစွာရှိပြီ။ အခုမှတောင် ပိုမိုဆိုးရွားလာပြီဆိုတဲ့ အချက်ကြောင့်မလို့ ပိုမိုလျှင်မြန်ပြီး ထိရောက်တဲ့ နိုင်ငံတကာ အရေးယူ ဆောင်ရွက်မှုကို ဆက်လက်ပြီး တောင်းဆိုဖို့အတွက် ဒါကတော့ တော်တော်လေးကို ကျွန်တော်တို့အတွက် အားကောင်းခဲ့တာ ရှိပါတယ်။

**မေး** ***ဟုတ်ကဲ့ပါဆရာ အခု လူ့အခွင့်အရေးကောင်းစီ ညီလာခံဆွေးနွေးမှုတွေကို အခြေခံပြီးတော့ ထုတ်ပြန်လာမယ် ဆုံးဖြတ်ချက်တွေကရော ဘာတွေဖြစ်သင့်လဲ ဘာကြောင့်လဲဆိုတာ ဆရာက ပြောပြပေးပါဦးရှင့်။***

**ဖြေ** ဒီလိုမျိုး လူ့အခွင့်အရေးကောင်စီက လာတဲ့အတွက် လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ နိုင်ငံတကာ ရာဇဝတ်မှု ချိုးဖောက်မှု အဓိက အခြေပြုပြီး ပြောရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ကျွန်တော်တို့က တောင်းဆိုချက် ဖြစ်ပေမယ့် ဒီချိုးဖောက်မှုတွေကို မဖြစ်မနေ ကိုးကားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ အခြေအနေအရ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ခုနက ကျွန်တော် ပြောခဲ့သလိုပဲ ဒီလိုမျိုးကျူးလွန်မှုတွေက ပြည်သူတစ်ခုလုံး ပြည်သူတစ်ရပ်လုံးကို ရန်သူလို သတ်မှတ်ပြီးတော့ လုပ်ဆောင်နေတဲ့ အဆင့်ထိကို ရောက်နေပြီ။ တစ်ချိန်တည်းမှာပဲ နိုင်ငံတကာ ရာဇဝတ်မှုတွေ ကျူးလွန်တယ်ဆိုတာ အားလုံးခိုင်မာနေပြီ။

အဲဒါကြောင့်မလို့ ပထမဦးဆုံး လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ထဲမှာ ပါသင့်တဲ့ အချက်ကတော့ စစ်ကောင်စီက အကြမ်းဖက်အဖွဲ့ကို ဖြစ်တယ်၊ သူတို့ရဲ့ လုပ်ဆောင်မှုတွေက အကြမ်းဖက် လုပ်ရပ်တွေကို ဖြစ်တယ်။ ဒါကြောင့်မို့လို့ သူတို့ကို ဒီလိုမျိုးလုပ်ဆောင်မှုတွေကို အမြန်ဆုံး ရပ်တန့်ဖို့အတွက် နိုင်ငံတကာအားလုံးက စုပေါင်းပြီး အရေးယူဖို့လိုအပ်တယ်ဆိုတဲ့ အချက် ဒါတွေကတော့ မဖြစ်မနေ ဖြစ်ရမယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ လက်ရှိမှာ စစ်ကောင်စီကို ကျွန်တော်တို့ မတရားအသင်း ဒါမှမဟုတ် အကြမ်းဖက်အဖွဲ့အဖြစ် အသိအမှတ်ပြုမယ်ဆိုရင် NUG ကို ကျွန်တော်ဒီထက်ပိုမိုပြီးတော့ လက်တွဲဆောင်ရွက်ဖို့ အသိအမှတ်ပြုဖို့ပဲ လိုအပ်ပြီး ဒါမှသာ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်တဲ့ အစိုးရရဲ့ လူ့အခွင့်အရေး ကာကွယ်မှုတွေ လူသားချင်းစာနာမှု အကူအညီတွေကို ပိုပိုပြီးတော့ ထိရောက်စွာ လုပ်ဆောင်နိုင်မှာ ဖြစ်တယ်။

အဲဒါကြောင့်မလို့ လူသားချင်းစာနာမှု အကူအညီတွေပဲ ပေးပါ။ တစ်ချိန်တည်းမှာပဲ စစ်ကောင်စီကို အပြစ်ပေး အရေးယူနိုင်ဖို့ တည်ဆဲ လက်ရှိ ကျွန်တော်တို့ ရာဇဝတ်မှု ကျူးလွန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ ဖော်ဆောင်ဖို့အတွက် ကျွန်တော်တို့ ပြောဆိုနိုင်တယ်။ တစ်ချိန်တည်းမှာတင် ဒါမျိုး တရားရုံး လုပ်ဆောင်ဖို့အတွက်က စစ်ကောင်စီကို ICC လို့ခေါ်တဲ့ နိုင်ငံတကာ တရားရုံးကို တင်ဖို့လိုအပ်တယ်။ အဲဒီတော့ ကျွန်တော်တို့ဘက်ကလည်း NUG ဘက်ကလည်း ဒါကို ပူးပေါင်း လုပ်ဆောင်မယ်။ သူတို့ကို တင်ဖို့အတွက် လက်ခံပါလို့ ပြောထား တယ်။

အဲဒါကို မြန်မြန်ဆန်ဆန် အသိမှတ်ပြုပြီးတော့ နိုင်ငံတွေအားလုံး က ထောက်ခံပြီး၊ ဝိုင်းဝန်းပြီးတော့ ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်အောင် လုပ်ဆောင်ပေးဖို့ လိုအပ် တယ်။ နောက်တစ်ခုကတော့ ကုလသမဂ္ဂရဲ့ လုပ်ဆောင် ချက် တွေဟာ လူ့အခွင့်အရေးကို အခြေခံပြီးတော့ ဒီလောက်ထိ ရာဇဝတ်မှုကျူးလွန်းနေတဲ့ စစ်ကောင်စီကို ထိရောက်သော အရေးယူမှု ပိုမိုပြီးတော့ ဖြစ်လာဖို့အတွက် တောင်းဆိုတဲ့အရာမျိုး ဒါတွေ မဖြစ်မနေပါလာမှ လက်ရှိ ဖြစ်ပွားနေတဲ့ ရာဇဝတ်မှု ကျူးလွန်မှုတွေကို အမြန်ဆုံး ရပ်တန့်နိုင်မယ်။

ပြည်သူလူထု မြန်မာပြည်သူတရပ်လုံး နှစ်ပေါင်းများစွာ ခံစားပြီး အခုချိန်ထိ ချိုးဖောက်မှုတွေ ကြုံတွေ့တဲ့အချက်ကို ရပ်တန့်နိုင် မယ်။ တစ်ချိန်တည်းမှာပဲ အကြမ်းဖက် စစ်ကောင်စီကို အရေးယူ ဆောင်ရွက်လိုက်ပါ။ အဲဒါတွေကတော့ မဖြစ်မနေ ပါဝင်ဖို့လိုအပ် သလို့ ဆုံးဖြတ်ချက်တင်မကပဲ လိုအပ်သော အရေးယူ ဆောင်ရွက်မှုတွေ တပါတည်းပါဝင်လာဖို့ အထူး အရေးကြီးပါ တယ်။

**မေး** ***ဟုတ်ကဲ့ပါဆရာ ဒီကောင်စီညီလာခံပြီးသွားရင်ရော မြန်မာ့အရေးအတွက် NUG နဲ့ ဘာတွေ ဆက်လုပ်သွားဖို့ ရှိလဲရှင့်။***

**ဖြေ** ကျွန်တော်တို့ အခုလက်ရှိ အခြေအနေမှာကတော့ လူ့ အခွင့်အရေးကော်စီမှာ မြန်မာနိုင်ငံအပေါ်မှာ ထိရောက်ပြီး ခိုင်မာ တဲ့ ဆုံးဖြတ်ချက်ထွက်လာဖို့ပါ။ အဲဒီတော့ ခုနက ပြောခဲ့သလိုပဲ ဆုံးဖြတ်ချက် ထွက်လာပြီး ဘာမှ လုပ်ငန်းမဖော်ဆောင်နိုင်ရင် အလကားပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီ ဆုံးဖြတ်ချက်မှာ ပါဝင်လာမယ့် အထွေထွေညီလာခံမှာ NUG ကို အသိ အမှတ်ပြုပြီးတော့ တရားဝင်ကိုယ်စားပြုမှု ဖြစ်အောင် ဆက်လက် လုပ်ဆောင်ဖို့ လိုအပ်တယ်။
အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ် ဦးကျော်မိုးထွန်းကို တရားဝင်အသိအမှတ်ပြုပြီး တော့ သူ့ရဲ့လုပ်ဆောင်ချက်တွေကို ပိုမိုပြီးတော့ ပါဝင်ခွင့်ပြုဖို့ လိုအပ်မယ်။ တစ်ချိန်တည်းမှာပဲ ဒီလိုမျိုးကိစ္စတခုကို လုံခြုံရေး ကောင်စီအထိ တက်ပြီးတော့ လူသားချင်းစာနာမှု အကူအညီတွေ ပေးဖို့ စစ်ကောင်စီကို လက်နက်ပိတ်ဆို့မှုတွေ လုပ်ဆောင်ပေးဖို့၊ နောက်တခါ စစ်ရေးအရ အသုံးပြုနိုင်မယ့် နည်းပညာတွေ၊ လေ ယဉ်ဆီတွေ ပေးပို့နေတာတွေ ရပ်တန့်နိုင်တဲ့ လက်တွေ့ကျသော လုပ်ငန်းစဉ်တွေ ပေါ်လာဖို့အတွက် ဆက်လက်လုပ်ဆောင် သွား ရပါလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ဒီလိုမျိုး နိုင်ငံတကာခုံရုံးတွေ၊ တရားရုံးတွေ တင်သွင်းဖို့အတွက် ဆုံးဖြတ်ချက် ကျလာပြီဆိုရင် တော့ တင်သွင်းဖို့အတွက် NUG က အဆင်သင့် ဖြစ်တယ်။ NUG ကနေ ဒါတွေကို လက်ခံထားတဲ့အတိုင်းပဲ တကယ်တမ်း အမှန်တကယ် တရားစီရင်မှုအတိုင်း လုပ်ဆောင်ဖို့အတွက် ကုလသမဂ္ဂဖြစ်စေ သက်ဆိုင်ရာ နိုင်ငံတွေနဲ့ပဲ ဖြစ်စေ နိုင်ငံ အလိုက်ပဲ ဖြစ်စေ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် အစီအစဉ်တွေ ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။ လုပ်လည်း လုပ်ဆောင်ဖို့အတွက် ကျွန်တော်တို့ အားသစ်လောင်းနေပါ တယ်။